ဗမာပြည်ကွန်မြူနစ်ပါတီ
ဗဟိုဝါဒဖြန့်ချိရေးဌာနက ထုတ်ဝေသည်။

# ဗမာပြည်ကွန်မြူနစ်ပါတီ၏
# အထွေထွေလုပ်ငန်းစဉ်
## (အခြေအနေနှင့်အညီပြုပြင်ထားသည်)

★

မတ်၊ ၂၀၀၇။

တော်လှန်ရေး စိတ်ဓာတ်နှင့် တော်လှန်ရေးကို ရှေ့ဆောင်နိုင်မည့် စည်းလုံးရေးကို ထူထောင်ရဦးမည်။

ပြည်သူ့ဒီမိုကရေစီတော်လှန်ရေး၏ အဓိကဝင်ရိုး ပင်မလူတန်းစားဖြစ်သော လယ်သမားလူတန်းစားကိုလည်း တော်လှန်ရေးအသိ၊ တော်လှန်ရေး စိတ်ဓာတ်နှင့် တော်လှန်ရေးစည်းလုံးမှုရှိအောင် လုပ်ရဦးမည်။

ဤတာဝန်ကြီး ၂ ရပ်ကို ဗမာပြည်ကွန်မြူနစ်ပါတီက ဇောင်းပေးပြီး ဇောက်ချကာ လုပ်ရမည်။

ဗမာပြည်ကွန်မြူနစ်ပါတီက ဤတာဝန်ကြီး ၂ ရပ်ကို ဘယ့်လောက် အောင်အောင်မြင်မြင် ထမ်းဆောင်နိုင်မလဲ။ ဘယ်လောက် အချိန်ယူမလဲ။ ဒါတွေကို သမိုင်းက အဆုံးအဖြတ်ပေးလိမ့်မည်။ သန္နိဋ္ဌာန်ခိုင်မြဲစွာဖြင့် အသက်စွန့်ရမှာ မကြောက်၊ အခက်အခဲကို မကြောက်ဘဲ အောင်ပွဲရအောင် လုပ်နိုင်ဖို့ အရေးကြီးသည်။ ခေါင်းဆောင်မှုကို အပြောနှင့်မဟုတ်၊ အလုပ်နှင့် ပြကြရပေမည်။ ။



ဗမာပြည်ကွန်မြူနစ်ပါတီ၏ အထွေထွေလုပ်ငန်းစဉ်
(အခြေအနေနှင့်အညီပြုပြင်ထားသည်)

၁ ။ ပါတီ၏လက္ခဏာ သဘောတရားအခြေခံနှင့် နောက်ဆုံးရည်မှန်းချက်။

ဗမာပြည်ကွန်မြူနစ်ပါတီသည် ဗမာပြည်ရှိပစ္စည်းမဲ့လူတန်းစား၏ စည်းရုံးမှု ရှိသည့် တခုတည်းသော တပ်ဦးပါတီဖြစ်သည်။ ဗမာပြည်ပစ္စည်းမဲ့ လူတန်းစား၏ လူတန်းစားအဖွဲ့အစည်းတွင် အမြင့်ဆုံးသဏ္ဍာန်ဖြစ်သည်။ ဗမာပြည်ကွန်မြူနစ်ပါတီသည် နိုင်ငံတကာ့ကွန်မြူနစ်လှုပ်ရှားမှု တပ်ဖွဲ့များအနက် တပ်ဖွဲ့တခု ဖြစ်သည်။

ဗမာပြည်တော်လှန်ရေးကို ခေါင်းဆောင်သည့် အမြုတေအင်အားသည် ဗမာပြည်ကွန်မြူနစ်ပါတီ ဖြစ်သည်။

ဗမာပြည်ကွန်မြူနစ်ပါတီသည် မာက်စ်ဝါဒ၊ လီနင်ဝါဒ၊ မော်စီတုန်းအတွေးအခေါ်ကို မိမိအတွေးအခေါ်အား လမ်းညွှန်သော သဘောတရားအခြေခံနှင့် လုပ်ငန်းလမ်းညွှန်အဖြစ် ခံယူကျင့်သုံးသည်။

ဗမာပြည်ကွန်မြူနစ်ပါတီသည် မာ့က်စ်လီနင်ဝါဒကို ကာကွယ်မည်။ ဆိုရှယ်လစ်စနစ်ကို ကာကွယ်မည်။

ဗမာပြည်ကွန်မြူနစ်ပါတီသည် ပစ္စည်းမဲ့နိုင်ငံတကာ့ဝါဒကို စွဲမြဲစွာလိုက်နာကျင့်သုံးမည်။ တချိန်တည်းတွင် တော်လှန်သော ပြည်ချစ်ဝါဒကို ကျင့်သုံးမည်။

ဗမာပြည်ကွန်မြူနစ်ပါတီသည် ကမ္ဘာပေါ်ရှိ မာ့က်စ်၊ လီနင်ဝါဒပါတီများ၊ အဖွဲ့အစည်းများနှင့်လည်းကောင်း၊ တကမ္ဘာလုံးမှ ပစ္စည်းမဲ့လူတန်းစားများ၊  အဖိနှိပ်ခံပြည်သူများ၊ အဖိနှိပ်ခံအမျိုးသားများနှင့်လည်းကောင်း၊ ခိုင်မြဲစွာ သွေးစည်းညီညွတ်ကာ မျက်မှောက်အချိန်တွင် ဗိုလ်ကျစိုးမိုးရေးဝါဒ မှန်သမျှကို ဆန့်ကျင်မည်။ ကမ္ဘာ့ငြိမ်းချမ်းရေးကို အစွမ်းကုန် ထိန်းသိမ်းကာကွယ်မည်။ ကျူးကျော်မှုမှန်သမျှကို 'ပြည်ချစ်ဝါဒ' ကိုင်စွဲပြီး တုံ့ပြန်တိုက်ခိုက်မည်။

ဗမာပြည်ကွန်မြူနစ်ပါတီသည် မာ့က်စ်ဝါဒ၊ လီနင်ဝါဒ၊ မော်စီတုန်းအတွေးအခေါ်ကို ဗမာပြည်တော်လှန်ရေး၏ အခိုင်အမာလက်တွေ့ အခြေအနေများနှင့် မှန်ကန်စွာ ပေါင်းစပ်ကျင့်သုံးသွားမည်။

ပြည်သူလူထုသာလျှင် ကမ္ဘာ့သမိုင်းကို ဖန်တီးသည့်တွန်းအားဖြစ်သည်ဟူသော အမြင်ကို ဗမာပြည်ကွန်မြူနစ်ပါတီက လက်ခံကျင့်သုံးသည်။ ဗမာပြည်ကွန်မြူနစ်ပါတီဝင်များသည် လူထုထဲဆင်း၍ လူထုထံမှ လေ့လာဆည်းပူးကာ လူထု၏ အတွေ့အကြုံများကို စုစည်းပေါင်းချုပ်ပြီး ပိုမိုကောင်းမွန် စနစ်ကျသော သဘောတရားနှင့် နည်းနာများဖြစ်လာအောင် လုပ်၍ လူထုကို ဝါဒဖြန့် လှုံ့ဆော်စည်းရုံးသည်။

ဗမာပြည်ကွန်မြူနစ်ပါတီသည် မိမိ၏လုပ်ငန်းများတွင် ချို့ယွင်းမှုများနှင့် မှားယွင်းမှုများကို ဖုံးကွယ်ခြင်းမပြုဘဲ ကိုယ့်ကိုယ်ကိုဝေဖန်ရေး၊ ဝေဖန်ရေးနည်းနာဖြင့် မပြတ်ဆေးကြောပြီးပြုပြင်ကာ ပါတီဝင်များနှင့်ကေဒါများအား ပညာပေးခြင်း ပြုပေသည်။

ဗမာပြည်ကွန်မြူနစ်ပါတီ ခေါင်းဆောင်သည့် ဗမာပြည် တော်လှန်ရေး၏ လှုပ်ရှားမှုဖြစ်စဉ်တွင် ပြည်သူ့ဒီမိုကရေစီတော်လှန်ရေးနှင့် ဆိုရှယ်လစ်တော်လှန်ရေးဟူ၍ အဆင့်နှစ်ခု ပါဝင်သည်။ ၎င်းတို့သည် လက္ခဏာခြင်းမတူသည့် တော်လှန်ရေး ခရီးစဉ်နှစ်ရပ် ဖြစ်သည်။ ပထမတော်လှန်ရေးခရီးစဉ် အခြေခံအားဖြင့် ပြီးဆုံးမှသာလျှင် ဒုတိယတော်လှန်ရေးခရီးစဉ်ကို



ဥပဒေပတိုက်ပွဲဆိုသည်မှာ စစ်ဗျူရိုကရက် ဓနရှင်အာဏာရှင်စနစ်ကို အတိအလင်း ဆန့်ကျင်သည့် ပြုမူလှုပ်ရှားမှုကလေးများမှအစ လက်နက်ကိုင် ပုန်ကန်တော်လှန်မှုအဆုံး အကြုံးဝင်ပေသည်။

ဥပဒေတွင်းတိုက်ပွဲဆိုသည်မှာ  တည်ဆဲဥပဒေများကို အသုံးချကာ စစ်ဗျူရိုကရက် ဓနရှင်အာဏာရှင်စနစ်အစိုးရကို ဆန့်ကျင်သည့် ပြုမူဆောင်ရွက်မှု ကလေးများမှအစ စစ်အစိုးရက မတတ်သာ၍ တခါတရံ ကျင်းပလေ့ရှိသော ရွေးကောက်ပွဲ (သို့မဟုတ်) ဆန္ဒခံယူပွဲ၊ ညီလာခံစသည်များတွင် စစ်အစိုးရကို ဆန့်ကျင်သော ပြုမူလှုပ်ရှားမှုအဆုံး အားလုံးသိမ်းကြုံး၍ ခေါ်ဆိုခြင်း ဖြစ်သည်။

ပဋိပက္ခများ ပြင်းထန်သည်းသန်လာသည့် အခါတိုင်းတွင် အာဏာရလူတန်းစားသည် ပြည်သူလူထုကို အကြမ်းဖက်နှိမ်နင်းလေ့ရှိခဲ့သည်။ သူတို့သည် ရာစုနှစ်တဝက်ခန့်မျှ ဤအတိုင်းကျင့်သုံးခဲ့သည်။ အဖိနှိပ်ခံလူတန်းစားများသည် မိမိကိုယ်ကိုကာကွယ်ရန်နှင့် ဖောက်ပြန်ရေးအစိုးရကို ဖြိုဖျက်ရန်အတွက် လက်နက်ကိုင် တိုက်ပွဲနည်းပရိယာယ်ကို ကျင့်သုံးခဲ့ကြသည်။ ကျွန်တော်တို့တိုင်းပြည်၏ သမိုင်းအတွေ့အကြုံအရ 'လက်နက်ကိုင် တိုက်ပွဲ' ကို ရွေးချယ်စရာ ရွေးလမ်းတခုအဖြစ် အမြဲတမ်းထားရှိရပေမည်။

၆။ နိဂုံး။

အနာဂတ်က ထွန်းပြောင်သည်။ ချီတက်ရမည့်ခရီးက ကြမ်းတမ်းသည်။ ခက်ခဲကွေ့ကောက်သည်။ စစ်အာဏာရှင်စနစ် တည်ရှိနေတာ ရာစုနှစ်တဝက် နှစ် ၅၀ ရှိတော့မည်။ လွယ်လွယ်နှင့် တိုက်ဖျက်ပစ်နိုင်မည်ဟု စိတ်ကူးယဉ်လို့ မဖြစ်ပါ။

ပြည်သူ့ဒီမိုကရေစီတော်လှန်ရေး၏ ရှေ့ဆောင် လူတန်းစားအလုပ်သမား လူတန်းစား (ပစ္စည်းမဲ့လူတန်းစား) ကို တော်လှန်ရေးအသိ၊

အဓိကအားဖြင့်ကား ဆိုရှယ်လစ်တော်လှန်ရေး၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်မည်ဖြစ်သည်။

၄။ ဗမာပြည်တွင်အုပ်စိုးသော လူတန်းစား၏လက္ခဏာ။

ဗမာပြည်သည် ကိုလိုနီတပိုင်း ပဒေသရာဇ်တပိုင်းနိုင်ငံဖြစ်သဖြင့် ဓနရှင် လူတန်းစားအနေနှင့် အမျိုးသားဓနရှင်လူတန်းစားနှင့် လက်ဝေခံ ဓနရှင် လူတန်းစားဟူ၍ နှစ်မျိုးနှစ်စား ရှိပေသည်။

ဗမာပြည်တွင် အာဏာရရှိနေသော လူတန်းစားသည် လက်ဝေခံ လက္ခဏာဆောင်သော ဓနရှင်ကြီးလူတန်းစား (ဝါ) ဗျူရိုကရက်ဓနရှင် လူတန်းစားပင် ဖြစ်သည်။

မျက်မှောက်စစ်အစိုးရ၏ လူတန်းစားလက္ခဏာသည် နယ်ချဲ့စနစ်၊ ပဒေသရာဇ်မြေရှင်စနစ်နှင့် ဗျူရိုကရက်အရင်းရှင်စနစ်ကို ကိုယ်စားပြုသော စစ်ဗျူရိုကရက် အရင်းရှင်လူတန်းစား ဖြစ်ပေသည်။ ဤလူတန်းစားသည် ပြည်သူ့ဒီမိုကရေစီ တော်လှန်ရေးက တိုက်ဖျက်ရမည့် ပစ်ကွင်းဖြစ်သည်။

၅။ နည်းပရိယာယ်လမ်းစဉ်နှင့် အဓိကတိုက်ပွဲသဏ္ဍာန်။

ဗမာပြည်ကွန်မြူနစ်ပါတီသည် ၁၉၃၉ ခုနှစ်မှ ၁၉၄၅ ခုနှစ်၏ အစပိုင်းအထိ မြေအောက်ပါတီအဖွဲ့အစည်းအဖြစ် တည်ရှိခဲ့သည်။ ဖက်ဆစ်ဂျပန် ဆန့်ကျင်ရေးကို ခေါင်းဆောင်ခဲ့သည်။ ၁၉၄၅ ခုနှစ်မှ ၁၉၄၈ ခုနှစ်ကာလအတွင်း ဥပဒေတွင်း တိုက်ပွဲများကို အဓိကဆင်နွှဲရင်း ဥပဒေပ တိုက်ပွဲများကိုလဲ အရန်တိုက်ပွဲအဖြစ် ပေါင်းစပ်ဆင်နွှဲခဲ့သည်။

လောလောဆယ်တွင် ကျွန်တော်တို့ပါတီသည် မြေအောက် ပါတီအဖြစ် ရပ်တည်လျက် ဥပဒေပတိုက်ပွဲမျာကို အဓိကဆင်နွှဲရင်း ဥပဒေတွင်း တိုက်ပွဲများဖြင့် ပေါင်းစပ်ပေးသည့် နည်းပရိယာယ်ကို ကျင့်သုံးနေပေသည်။



ဆောင်ရွက်နိုင်ပေမည်။ ပြည်သူ့ဒီမိုကရေစီ တော်လှန်ရေးသည် ဆိုရှယ်လစ် တော်လှန်ရေးအတွက် လိုအပ်သည့် ပြင်ဆင်မှုဖြစ်၍ ဆိုရှယ်လစ် တော်လှန်ရေးသည် ပြည်သူ့ဒီမိုကရေစီတော်လှန်ရေးက မုချရှေ့ရှုသွားရမည့်အဆင့် ဖြစ်သည်။ ဗမာပြည်တော်လှန်ရေး၏ အဆင့်နှစ်ခုဖြစ်သော ပြည်သူ့ဒီမိုကရေစီတော်လှန်ရေးနှင့် ဆိုရှယ်လစ်တော်လှန်ရေးအကြားတွင် မဟာတံတိုင်းကြီး ခြားနေသည် မဟုတ်ပေ။ ဗမာပြည် တော်လှန်ရေး ဖြစ်စဉ်တွင် အဆင့်များရှိသော်လည်း တခုတည်းသော အဆက်မပြတ်သည့် တော်လှန်ရေးဖြစ်စဉ် ဖြစ်ပေသည်။

ဆိုရှယ်လစ်လူ့အဖွဲ့အစည်းသည် ရှည်ကြာသည့် သမိုင်းကာလ တခုကို ဖြတ်သန်းရမည်ဖြစ်ပြီး၊ ဆိုရှယ်လစ်တော်လှန်ရေးနှင့် ဆိုရှယ်လစ် တည်ဆောက်ရေး လုပ်ငန်းတာဝန်များကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ပစ္စည်းမဲ့အာဏာရှင်စနစ်ကို မုချထူထောင်ကျင့်သုံးရမည် ဖြစ်သည်။

ဗမာပြည်ကွန်မြူနစ်ပါတီ၏ နောက်ဆုံးရည်မှန်းချက်သည် လူလူချင်း သွေးစုပ်မှုကင်းစင်သော၊ လူတန်းစားမရှိသော ကွန်မြူနစ်လူ့အဖွဲ့အစည်းကို ထူထောင်ရန် ဖြစ်သည်။

၂ ။ ဗမာပြည်၏ လက်ရှိလူ့အဖွဲ့အစည်း။

၁၈၂၄ ခုနှစ်မတိုင်မီက ဗမာပြည်သည် လွတ်လပ်သော ပဒေသရာဇ် မြေရှင်စနစ် တိုင်းပြည်တပြည် ဖြစ်သည်။ ၁၈၈၅ ခုနှစ်မှစပြီး ဗမာပြည် တပြည်လုံးသည် အင်္ဂလိပ်နယ်ချဲ့သမား၏ ကိုလိုနီနိုင်ငံ ဖြစ်ခဲ့ပေသည်။ ၁၉၄၈ ခုနှစ် ဇန္နဝါရီလ (၄) ရက်နေ့တွင် ဗမာပြည်သည် နိုင်ငံရေး အားဖြင့် လွတ်လပ်ရေးရကာ စီးပွားရေးအားဖြင့် မှီခိုနေရသောနိုင်ငံ ဖြစ်လာသည်။

ဖောက်ပြန်ရေးအစိုးရ အဆက်ဆက်သည် မှီခိုမှုကို အင်အားကြီး နိုင်ငံ တခုအပေါ်မှာပုံပြီး တသမတ်တည်း လုပ်ကြသည် မဟုတ်ပေ။ စစ်ရေး

အခြေအနေ တင်းမာနေလျှင်တမျိုး မတင်းမာလျှင်တမျိုး၊ နိုင်ငံရေး အခြေအနေ တင်းမာနေလျှင်တမျိုး မတင်းမာလျှင်တမျိုး၊ စီးပွားရေးလူမှုရေး အကျပ်တွေ့နေလျှင်တမျိုး၊ ရှုသာရှိုက်သာရှိလျှင်တမျိုး ပြောင်းလဲမှီခိုလေ့ရှိသည်။ တခါတရံတွင်ကား နိုင်ငံရေး စစ်ရေးအရ မှီခိုတာက တနိုင်ငံ၊ လူမှုရေးအရ မှီခိုတာက တနိုင်ငံ ဖြစ်လေ့ရှိသည်။ တစုံတရာ တည်ငြိမ်သော ကမ္ဘာ့အစီအစဉ် (World Order) ရှိနေလျှင် ဤသို့ ပေါင်းစုံမှီခိုခြင်းက ပြဿနာ ကြီးကြီးမားမား မဖြစ်နိုင်သော်လည်း 'ကမ္ဘာ့အစီအစဉ်' အပြောင်းအလဲ ဖြစ်လျှင်ကား ပြဿနာကြီးလာနိုင်ပေသည်။

မှီခိုနေရလျှင် မလွတ်လပ်ပါ။ များများမှီခိုလျှင် လွတ်လပ်မှုများများ ဆုံးရှုံးပြီး နည်းနည်းမှီခိုလျှင် နည်းနည်းဆုံးရှုံးမည်သာ ဖြစ်သည်။ လုံးဝအမှီခိုကင်းရေးဆီသို့ရောက်အောင် ဗမာပြည်ကွန်မြူနစ်ပါတီက မဆုတ်မနစ်ကြိုးပမ်းသွားမည် ဖြစ်ပါသည်။

၃။ ဗမာပြည်တော်လှန်ရေး၏လက္ခဏာ။

ဗမာပြည်၏ လက်ရှိလူ့အဖွဲ့အစည်းအခြေအနေက ဗမာပြည်၏ တော်လှန်ရေးလက္ခဏာကို ပြဋ္ဌာန်းပေသည်။

လက်ရှိ ဗမာပြည်တော်လှန်ရေး၏ လက္ခဏာသည် ပြည်သူ့ဒီမိုကရေစီ တော်လှန်ရေး ဖြစ်သည်။ ပြည်သူ့ဒီမိုကရေစီတော်လှန်ရေးသည် ဓနရှင်လူတန်းစားက ခေါင်းဆောင်သည့် အရင်းရှင်လူ့အဖွဲ့အစည်းနှင့် ဓနရှင်အာဏာရှင် စနစ်ကျင့်သုံးသော နိုင်ငံကို ထူထောင်ရန် ရည်ရွယ်သော အရင်းရှင်ဒီမိုကရေစီ တော်လှန်ရေးအဟောင်း မဟုတ်။ နယ်ချဲ့စနစ်၊ ပဒေသရာဇ်မြေရှင်စနစ်၊ ဗျူရိုကရက်အရင်းရှင်စနစ်ကိုသာ ဦးတည်တိုက်ပြီး နယ်ချဲ့၊ ပဒေသရာဇ်မြေရှင်နှင့် ဗျူရိုကရက်အရင်းရှင်စနစ် ဆန့်ကျင်ရေးတွင် ပါဝင်နိုင်သေးသည့် မည်သည့် အရင်းရှင်စနစ် အစိတ်အပိုင်းကိုမျှ တိုက်ဖျက်ခြင်း မပြုသဖြင့် ဆိုရှယ်လစ် တော်လှန်ရေးလည်း မဟုတ်ပေ။ ပြည်သူ့ဒီမိုကရေစီ တော်လှန်ရေးသည် ပစ္စည်းမဲ့လူတန်းစား ခေါင်းဆောင်သည့် အလုပ်သမား လယ်သမား မဟာမိတ်ဖွဲ့မှုအပေါ် အခြေခံသော ကျန်တော်လှန်သည့် လူတန်းစားအသီးသီး ပါဝင်သော တော်လှန်ရေး ဖြစ်ပေသည်။ တချိန်တည်းတွင် ကမ္ဘာ့ပစ္စည်းမဲ့တော်လှန်ရေး၏ အစိတ်အပိုင်းတရပ်လည်း ဖြစ်ပေသည်။

ဗမာပြည် ပြည်သူ့ဒီမိုကရေစီတော်လှန်ရေးသည် အခြေခံလက္ခဏာအရဆိုသော် နယ်ချဲ့ဆန့်ကျင်ရေး၊ ပဒေသရာဇ်မြေရှင်ဆန့်ကျင်ရေးနှင့် ဗျူရိုကရက်အရင်းရှင် ဆန့်ကျင်ရေးပင် ဖြစ်သည်။ ဤရန်သူကြီး(၃)ဦးကို တိုက်ခိုက်ဖြိုချရန် ဖြစ်သည်။ ရန်သူကြီးသုံးဦး၏ မျက်မှောက်ကိုယ်စားလှယ်သည် (စစ်အုပ်စု၊ စစ်အာဏာရှင်စနစ်၊ စစ်အစိုးရ) ဖြစ်သည်။ ဤ 'စစ်၃ စစ်' ကို ဗမာပြည် ကွန်မြူနစ်ပါတီက ပြတ်ပြတ်သားသား တိုက်ပွဲဝင်မည်။ စည်းလုံးနိုင်သမျှသောအင်အား အားလုံးနှင့် လက်တွဲကာ တိုက်ပွဲဝင်မည်။ တိုက်ပွဲကို ရှေ့ဆောင်နိုင်မည့် 'အမျိုးသားညီညွတ်ရေး တပ်ပေါင်းစုကြီး' တရပ် ပေါ်ပေါက်လာရန် အားထုတ်မည်။

ဗမာပြည် ပြည်သူ့ဒီမိုကရေစီတော်လှန်ရေး ဆင်နွှဲနေသည့် ခရီးစဉ်တွင် ရန်သူ့အခြေအနေ ပြောင်းလဲမှုနှင့် မဟာမိတ်အင်အားများ၏ ပြောင်းလဲမှုကြောင့် အဆင့်ကဏ္ဍ အချို့ခွဲ၍ ဆင်နွှဲရခြင်းမျိုး ရှိနိုင်သော်လည်း ပြည်သူ့ဒီမိုကရေစီ တော်လှန်ရေး၏ အခြေခံလက္ခဏာမှာကား ပြောင်းလဲသွားလိမ့်မည် မဟုတ်ပေ။

ပထမတော်လှန်ရေးခရီးစဉ် အခြေခံအားဖြင့် အောင်ပွဲခံပြီးနောက် ပြည်သူ့ဒီမိုကရေစီတော်လှန်ရေးအဆင့် ပြီးဆုံး၍ ချက်ခြင်း ဆိုရှယ်လစ်တော်လှန်ရေး အဆင့်သို့ ကူးပြောင်းသွားမည် ဖြစ်သည်။ ထိုအခါတွင် ထူထောင်မည့် အာဏာသည် ပစ္စည်းမဲ့အာဏာရှင်စနစ် ဖြစ်သည်။ ဤအာဏာရှင်စနစ်က ပြည်သူ့ဒီမိုကရေစီ တော်လှန်ရေး၏ မပြီးဆုံးသေးသည့် လုပ်ငန်းတာဝန်များကို ဆက်လက်ဆောင်ရွက်ရဦးမည် ဖြစ်သော်လည်း